# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# အမျိုးသားဆေးဝါးဥပဒေ
## [နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၇/၉၂]
## ရန်ကုန်မြို့၊ ၁၃၅၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
## (၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

[ ပြင်ဆင် : 01.04.2014 ]

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက် သည်။

Myanmar Law Information System (MLIS)

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အမျိုးသားဆေးဝါးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရ မည်-

(က) **အာဏာပိုင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါး အာဏာပိုင် အဖွဲ့ကို ဆိုသည်၊

(ခ) **ဆေးဝါး**ဆိုသည်မှာ လူနှင့်တိရစ္ဆာန်တို့အတွက် ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ ကုသရန်၊ သန္ဓေတား ရန် သို့မဟုတ် အကျိုးသက်ရောက်မှု တစ်ခုခုဖြစ်စေရန် ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပေါ်တွင် အသုံးပြုရန်ဖြစ်သော ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနက အခါအား လျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဆေးဝါးဟု သတ်မှတ်သော ပစ္စည်းလည်းပါဝင်သည်၊

(ဂ) **အဓိကဆေးဝါး** ဆိုသည်မှာ အာဏာပိုင်အဖွဲ့ကသတ်မှတ်ထားသည့် ပြည်သူအများစု၏ ကျန်းမာရေး စောင့်ရှောက်မှုတွင် မရှိမဖြစ်လိုအပ်သော ဆေးဝါးကိုဆိုသည်၊

(ဃ) **ဆေးဝါးအတု** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(၁) ဆေးဝါးတစ်ခုခု၏ အမှတ်တံဆိပ် ဖော်ပြထားချက်အားလုံးကိုသော်လည်းကောင်း၊ အချို့ကို သော်လည်းကောင်း နည်းအမျိုးမျိုးဖြင့် တုပ၍ ရေးသားထားသော သို့မဟုတ် ဆင်တူယိုးမှား ရေးသား ထားသောဆေးဝါး၊

(၂) ဆေးဝါးသက်တမ်းကုန်ဆုံးရက် သို့မဟုတ် ထုတ်လုပ်သူ သို့မဟုတ် ဖြန့်ချိသူ သို့မဟုတ် ထုတ်လုပ် သည့်နေရာ သို့မဟုတ် ထုတ်လုပ်သည့် နိုင်ငံကို လိမ်လည်ဖော်ပြထားသော ဆေးဝါး၊

(၃) ဆေးဝါးမှတ်ပုံတင်စဉ်က ဖော်ပြထားသော ဆေးဝါးဖော်စပ်နည်းအတိုင်း မဟုတ်ဘဲ ထိုကဲ့သို့ ဖော်စပ် ထားသည်ဟု လိမ်လည်ဖော်ပြထားသော ဆေးဝါး၊

(င) **စံမညီဆေးဝါး** ဆိုသည်မှာ သက်ဆိုင်ရာ ဆေးဝါးနှင့် စပ်လျဉ်း၍ အသေးစိတ် သတ်မှတ်ချက်များနှင့် မကိုက်ညီသော ဆေးဝါးသို့မဟုတ် အာဏာပိုင်အဖွဲ့က ဆေးဝါးများ၏ စံနှင့် စပ်လျဉ်း၍ ထုတ်ပြန်သတ် မှတ်ထားသော အနိမ့်ဆုံးစံထက် လျော့နေသည့် သို့မဟုတ် အမြင့်ဆုံး စံထက် ပိုနေသည့်  ဆေးဝါးကိုဆို သည်၊

(စ) **ဆေးဝါးအသေးစိတ် သတ်မှတ်ချက်များ** ဆိုသည်မှာ ယင်းဆေးဝါးနှင့် စပ်လျဉ်း၍ သတ်မှတ်ချက် အပြည့်အစုံ ဖော်ပြချက် သို့မဟုတ် အာဏာပိုင် အဖွဲ့က အသိအမှတ်ပြုထားသော ဆေးကျမ်းများတွင် ဖော်ပြထားသော သတ်မှတ်ချက်အပြည့်အစုံကို ဆိုသည်၊

(ဆ) **ပျက်စီးဆေးဝါး** ဆိုသည်မှာ ဆေးဝါးသက်တမ်း ကုန်ဆုံးရက်သို့ ရောက်ရှိသော သို့မဟုတ် ကျော်လွန်နေပြီဖြစ်သော ဆေးဝါးသို့မဟုတ် တစ်နည်းနည်းဖြင့် ဓာတ်သဘာဝပြောင်းလဲသွားသည့် စံမညီ သော ဆေးဝါးကို ဆိုသည်၊

(ဇ) **ရောနှောဆေးဝါး** ဆိုသည်မှာ အလုံးစုံသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသ သော်လည်းကောင်း ပျက်စီးနေသော ဆေးဝါး၊ အခြားဆေးဝါး သို့မဟုတ် ပစ္စည်းများ ရောနှောပါဝင်နေသော ဆေးဝါးကို ဆိုသည်၊

(ဈ) **ဆေးဝါးသက်တမ်း ကုန်ဆုံးရက်** ဆိုသည်မှာ ဆေးဝါးတစ်ခုနှင့် စပ်လျဉ်း၍ အာမခံထားသော ဆေးဝါးအာနိသင်၊ ဘေးဥပဒ်ကင်းရှင်းမှုနှင့် အရည်အသွေးများ မရှိတော့ကြောင်း သိရှိစေရန် အမှတ်တံ ဆိပ်ပေါ်တွင် ဖော်ပြထားသော ရက်စွဲကို ဆိုသည်၊

(ည) **အမှတ်တံဆိပ်** ဆိုသည်မှာ လက်ရေးမှုနှင့်ဖြစ်စေ၊ စက်တင်ရိုက်နှိပ်၍ဖြစ်စေ၊ ဆေးဝါးထည့်သော ဘူး၊ ပုလင်း၊ ကတ်ပြား၊ ဘူးခွံ သို့မဟုတ် ဆေးဝါးထုပ်ပိုးသည့် ပစ္စည်းတစ်ခုခုပေါ်တွင် မြင်သာအောင် ဖော်ပြထားသော အမှတ်အသားကို ဆိုသည်၊

(ဋ) **အမှတ်တံဆိပ်ကပ်ခြင်း** ဆိုသည်မှာ ဆေးဝါးထည့်သော ဘူး၊ ပုလင်း၊ ကတ်ပြား၊ ဘူးခွံ သို့မဟုတ် ဆေးဝါးထုပ်ပိုးသည့် ပစ္စည်းတစ်ခုခုပေါ်တွင် အမှတ်တံဆိပ်ပြုလုပ်ထားခြင်းကို ဆိုသည်၊

(ဌ) **ဆေးဝါးကုန်ကြမ်း** ဆိုသည်မှာ ဆေးဝါးဖော်စပ်ထုတ်လုပ်ရာတွင် ထည့်သွင်းရသော အာဏာပိုင်အဖွဲ့ က သတ်မှတ်သည့်ပစ္စည်းကိုဆိုသည်၊

(ဍ) **ဆေးဝါးမှတ်ပုံတင်ခြင်း** ဆိုသည်မှာ ဆေးဝါးထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း ပြုလုပ်ရန်အလို့ငှာ ဆေးဝါးကို အာဏာပိုင်အဖွဲ့တွင် မှတ်ပုံတင်ထားခြင်းကို ဆိုသည်၊

(ဎ) **လိုင်စင်** ဆိုသည်မှာ ဆေးဝါးကုန်ကြမ်း သို့မဟုတ် ဆေးဝါးထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်းအတွက် ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်၊

(ဏ) **ဆေးဝါးထုတ်လုပ်ခြင်း** ဆိုသည်မှာ ဆေးဝါးထုတ်လုပ်ရာတွင် ဆောင်ရွက်ရသော လုပ်ငန်း ဆောင် တာများကို ဆိုသည်။ ယင်းစကားရပ်တွင် ဆေးဝါးကုန်ကြမ်းမှစ၍ အဆင့်ဆင့်လုပ်ဆောင်သည့် လုပ်ငန်း အားလုံး သို့မဟုတ် အဆင့်တစ်ခုခုကို ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။ သို့ရာတွင် ဆေးရုံ၊ ဆေးပေး ခန်းနှင့် ဆေးလက်လီဆိုင်များတွင် သက်ဆိုင်ရာလူနာအတွက် ဆရာဝန်၏ ဆေးညွှန်းအရ ဆောင်ရွက် သော ဆေးဝါးဖော်စပ်ခြင်း လုပ်ငန်းများမပါဝင်၊

Myanmar Law Information System (MLIS)

(တ) **ဆေးဝါးရောင်းချခြင်း** ဆိုသည်မှာ ဆေးဝါးကိုရောင်းချရန် ကမ်းလှမ်းခြင်း၊ သဘောတူခြင်း၊ အားထုတ်ခြင်း၊ ခင်းကျင်းပြသထားခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် ဖြန့်ဖြူးရောင်းချ ခြြင်းကိုဆိုသည်၊

(ထ) **ဆေးဝါးသိုလှောင်ခြင်း** ဆိုသည်မှာ ဆေးဝါး၏ အာနိသင်ကို ထိန်းသိမ်းထားနိုင်သည့် စနစ်ကျ သော သိုလှောင်ထားခြင်းကို ဆိုသည်၊

(ဒ) **အရည်အသွေးအာမခံချက်** ဆိုသည်မှာ ဆေးဝါးမှီဝဲသုံးစွဲသူတိုင်း အရည်အသွေးစစ်မှန် ကောင်းမွန်ပြီး ဘေးဥပဒ်ကင်း၍ အကျိုးသက်ရောက်မှုရှိသော ဆေးဝါးသုံးစွဲနိုင်ရေးကို ရည်ရွယ်လျက် ဆေးဝါးကုန်ကြမ်းရယူခြင်း၊ ဆေးဝါးအဖြစ် ဖော်စပ်ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း အပါအဝင်လုပ်ငန်းဆောင်တာ တစ်ရပ်လုံးကို အာမခံခြင်းဟုဆိုသည်၊

(ဓ) **ကြော်ငြာခြင်း** ဆိုသည်မှာ ဆေးဝါးတွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချရန်အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့် ဖြစ်စေ အများသိရှိအောင် ဆောင်ရွက်ခြင်းကို ဆိုသည်၊

(န) **မူလဓာတ်ခွဲခန်း** ဆိုသည်မှာ ဆေးဝါးနမူနာများကို ဓာတ်ခွဲစစ်ဆေးရန် အာဏာပိုင်အဖွဲ့က အမိန့် ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော ဓာတ်ခွဲခန်းကို ဆိုသည်၊

(ပ) **အယူခံဓာတ်ခွဲခန်း** ဆိုသည်မှာ မူလဓာတ်ခွဲခန်းများမှ ဆေးဝါးများ ဓာတ်ခွဲစစ်ဆေးမှု မှတ်ချက်နှင့် စပ်လျဉ်း၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာသည့်အခါ၌လည်းကောင်း၊ တစ်ဘက်ဘက်မှ ကျေနပ်မှု မရှိသဖြင့် အယူခံဝင်သည့်အခါ၌လည်းကောင်း နမူနာများကို ထပ်မံစစ်ဆေးပြီး ဆေးဝါးများ ဓာတ်ခွဲ စစ်ဆေးမှုနှင့် စပ်လျဉ်း၍ အပြီးသတ် အဆုံးအဖြတ်ပြုနိုင်ရန် အာဏာပိုင်အဖွဲ့က သီးခြားသတ်မှတ်ပေး သော ဓာတ်ခွဲခန်းကို ဆိုသည်၊

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ကို အောက်ပါရည်ရွယ်ချက်များဖြင့် ဖွဲ့စည်း ထားရှိသည်-

(က) အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးသက်ရောက်မှုရှိ သော ဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန်၊

(ခ) ဆေးဝါးများ စနစ်တကျ မှတ်ပုံတင်ထားရှိရန်၊

(ဂ) အရည်အသွေးစစ်မှန် ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန်၊

(ဃ) အစားအသောက်နှင့် ဆေးဝါးများထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများကို စနစ်တကျ ကွပ်ကဲထိန်းသိမ်းရန်။

## အခန်း (၃)
## မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်း



Myanmar Law Information System (MLIS)

၄။ အစိုးရသည် အောက်ပါပုဂ္ဂိုလ်များပါဝင်စေလျက် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာ ပိုင်အဖွဲ့ကို ဖွဲ့စည်းပေးရမည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ် စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ကိုယ်စားလှယ်တစ်ဦး နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဋ) | ကိုယ်စားလှယ်တစ်ဦး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဌ) | ကိုယ်စားလှယ်တစ်ဦး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ် ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ် ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန(မြန်မာပြည်အလယ်ပိုင်း) ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

**အခန်း (၄)**

Myanmar Law Information System (MLIS)

**လုပ်ငန်းတာဝန်များ**

၅။ အာဏာပိုင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဆေးဝါးမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ပေးခြင်း၊

(ခ) အဓိက ဆေးဝါးအဖြစ် သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ပေးခြင်း၊

(ဂ) ဆေးဝါးသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ပေးခြင်း၊

(ဃ) ဆေးဝါးကုန်ကြမ်း သို့မဟုတ် မှတ်ပုံတင်ထားသော ဆေးဝါးကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့အတွက် လိုင်စင်လျှောက်ထားခွင့်ရှိသူများ၏ အရည်အချင်းသတ်မှတ်ခြင်း၊ လိုင်စင် စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊

(င) ဆေးဝါးကုန်ကြမ်း သို့မဟုတ် မှတ်ပုံတင်ထားသော ဆေးဝါးကို ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင် သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများအတွက် စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊

(စ) ဆေးဝါးကုန်ကြမ်း သို့မဟုတ် မှတ်ပုံတင်ထားသော ဆေးဝါးထုတ်လုပ်ခြင်း၊ ဆေးဝါးအား လူနာများ တွင် စမ်းသပ်သုံးစွဲခြင်း၊ ဓာတ်ခွဲစမ်းသပ်ခြင်းများအပြင် ဆေးဝါးကိစ္စအရပ်ရပ်နှင့် စပ်လျဉ်း၍ အရည် အသွေးအာမခံနိုင်ရန်အလို့ငှာ ကောင်းမွန်သော ကျင့်စဉ်များ သတ်မှတ်ပေးခြင်း၊

(ဆ) ဆေးဝါးမှတ်ပုံတင်ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ ခေတ္တရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊

(ဇ) လိုင်စင်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ခေတ္တရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊

(ဈ) ဆေးဝါးအမှတ်တံဆိပ်ကပ်ခြင်း၊ ကြော်ငြာခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ပေး ခြင်း၊

(ည) ပစ္စည်းအမျိုးအမည်တစ်ခုခုကို ဆေးဝါးအဖြစ် သတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဋ) ကျွမ်းကျင်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကော်မတီများဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဌ) အစားအသောက်နှင့်ဆေးဝါးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်နိုင်ရန် ပြည်နယ်နှင့်တိုင်း၊ ခရိုင်၊ မြို့နယ်များတွင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်း ကော်မတီများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဍ) မူလဓာတ်ခွဲခန်းနှင့် အယူခံဓာတ်ခွဲခန်းများ သတ်မှတ်ပေးခြင်း၊

(ဎ) အစားအသောက်နှင့်စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်ပေးခြင်း။

၆။ အာဏာပိုင်အဖွဲ့သည် မိမိ၏လုပ်ငန်းတာဝန်များကို အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦး ဦးအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

**အခန်း (၅)**

**မှတ်ပုံတင်ခြင်း**

Myanmar Law Information System (MLIS)

၇။ ဆေးဝါးကုန်ကြမ်း သို့မဟုတ် ဆေးဝါးထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း ပြုလုပ်လိုသူသည် သက်ဆိုင်ရာ ဆေးဝါးကို သတ်မှတ်ထား သည့် နည်းလမ်းများနှင့်အညီ အာဏာပိုင်အဖွဲ့တွင် မှတ်ပုံတင်ရမည်။

## အခန်း(၆)

## လိုင်စင်လျှောက်ထားခြင်း

၈။ ဆေးဝါးကုန်ကြမ်း သို့မဟုတ် မှတ်ပုံတင်ထားသောဆေးဝါး ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူး ရောင်းချခြင်း ပြုလုပ်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လိုင်စင်လျှောက်ထားရမည်။

## အခန်း (၇)

## အရည်အသွေးအာမခံခြင်း

၉။ ဆေးဝါးကုန်ကြမ်း သို့မဟုတ် မှတ်ပုံတင်ထားသော ဆေးဝါးထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်း ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း ပြုလုပ်ခွင့်ရရှိသူသည် ဆေးဝါးအရည် အသွေး အာမခံခြင်းနှင့်စပ်လျဉ်း၍ အာဏာပိုင်အဖွဲ့က ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်နှင့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာရမည်။

## အခန်း (၈)

## အမှတ်တံဆိပ်ကပ်ခြင်း၊ ကြော်ငြာခြင်း

၁၀။ ဆေးဝါးမှတ်ပုံတင်ခွင့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူသည် အမှတ်တံဆိပ်ကပ်ခြင်း၊ ကြော်ငြာခြင်း နှင့်စပ်လျဉ်း၍ အာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များကို တိကျစွာလိုက်နာရမည်။

## အခန်း (၉)

## လိုင်စင်ခေတ္တရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း

၁၁။ လိုင်စင်ရရှိသူသည် ဆေးဝါးကုန်ကြမ်း သို့မဟုတ် မှတ်ပုံတင်ထားသော ဆေးဝါးထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်ထားသောအမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက သို့မဟုတ် ဖောက်ဖျက်သည်ဟု ထင်မြင်ယူဆပါက အာဏာပိုင်အဖွဲ့ကဖြစ်စေ၊ ယင်းကိစ္စအလို့ငှာ တာဝန် လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်းကဖြစ်စေ လိုင်စင်ကို ကာလသတ်မှတ်ချက်ဖြင့် ခေတ္တရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။

Myanmar Law Information System (MLIS)

၁၂။ လိုင်စင်ပယ်ဖျက်ခြင်းခံရသူသည် မိမိ၏လက်ဝယ်ရှိ ဆေးဝါးကို လိုင်စင်ရရှိထားသော အခြားသူ တစ်ဦးအား အာဏာပိုင်အဖွဲ့ သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ရက်ပေါင်း (၃၀)အတွင်း လွှဲပြောင်းခြင်း၊ ရောင်းချခြင်းပြုနိုင်သည်။

## အခန်း (၁၀)

## အယူခံခြင်း

၁၃။ အာဏာပိုင်အဖွဲ့က တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်က လိုင်စင်ထုတ်ပေး ရန်ငြင်းပယ်ခြင်း၊ လိုင်စင်ကို ခေတ္တရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှ ရက်ပေါင်း (၆၀)အတွင်း အာဏာပိုင်အဖွဲ့သို့ အယူခံနိုင်သည်။

၁၄။ အာဏာပိုင်အဖွဲ့က ချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၁)

## တားမြစ်ချက်

၁၅။ (က) မည်သူမျှ အောက်ဖော်ပြပါ ဆေးဝါးကို ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပ သို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရ-

(၁) မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါး၊

(၂) မှတ်ပုံတင်ခေတ္တရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းပြုလုပ်ထားသော ဆေးဝါး၊

(၃) ဆေးဝါးအတု၊ စံမညီဆေးဝါး၊ ပျက်စီးဆေးဝါး၊ ရောနှောဆေးဝါး၊

(၄) ဘေးဥပဒ်ဖြစ်စေနိုင်သည့် ပစ္စည်းများဖြင့် ဖော်စပ်ထုတ်လုပ်ထားသောဆေးဝါး၊

(၅) ကျန်းမာရေးဝန်ကြီးဌာနက သုံးစွဲရန်မသင့်ဟု အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော ဘေးအန္တရာယ်ရှိသည့်ဆေးဝါး၊

(ခ) မည်သူမျှ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ မှတ်ပုံတင်ထားသော ဆေးဝါးကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းမပြုရ။

၁၆။ မည်သူမျှ လိုင်စင်မရှိဘဲ ဆေးဝါးကုန်ကြမ်း သို့မဟုတ် ဆေးဝါးကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၁၇။ လိုင်စင်ရရှိထားသူသည်-

(က) လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ၊

(ခ) ဤဥပဒေအရ ကျန်းမာရေးဝန်ကြီးဌာနကဖြစ်စေ၊ အာဏာပိုင်အဖွဲ့ကဖြစ်စေ ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ခြင်းမရှိစေရ။



Myanmar Law Information System (MLIS)

## အခန်း (၁၂)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၈။ မည်သူမဆို ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်ငါး သောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိဖြစ်စေ၊ ထောင်ဒဏ် (၇)နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

<ပြင်ဆင် 01.04.2014>

၁၉။ မည်သူမဆို ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်-

(က) မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးနှင့် သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်ငါး သောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိဖြစ်စေ၊ ထောင်ဒဏ် (၇)နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ခ) မှတ်ပုံတင်ထားသော ဆေးဝါးနှင့်သက်ဆိုင်သော ပြစ်မှုဖြစ်ပါက ထိုသူအား ငွေဒဏ် အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိဖြစ်စေ၊ ထောင်ဒဏ် (၂) နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ဂ) ပြစ်မှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရ မည်။

<ပြင်ဆင် 01.04.2014>

၂၀။ လိုင်စင်ရရှိသူသည် ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံးကျပ်ငါးထောင်မှအများဆုံးကျပ်ငါး သောင်းအထိဖြစ်စေ၊ ထောင်ဒဏ် (၁)နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

<ပြင်ဆင် 01.04.2014>

## အခန်း (၁၃)

## အထွေထွေ

၂၁။ ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်း ပါရှိစေကာမူ တိုင်းရင်းဆေးဝါးများမှအပ ဆေးဝါးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေပါပြဋ္ဌာန်းချက် များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၂။ ကျန်းမာရေးဝန်ကြီးဌာနသည် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား ဤဥပဒေပါ ပြဋ္ဌာန်း ချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်စေခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၂၃။ ကိုယ်တိုင်သုံးစွဲရန်အတွက် ပြည်ပမှ မိမိနှင့်တစ်ပါတည်းယူဆောင်လာသော ဆေးဝါးများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်မသက်ဆိုင်စေရ။

၂၄။ ပြည်တွင်းသို့ တင်သွင်းရန်ဖြစ်စေ၊ ပြည်ပသို့တင်ပို့ရန်ဖြစ်စေ ခွင့်ပြုချက် ထုတ်ပေးပိုင်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းသည် ဤဥပဒေအရ မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ တင်သွင်းခွင့် သို့မဟုတ် တင်ပို့ခွင့်ပြုနိုင်သည်။

၂၅။ ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် ဆေးဝါးလုပ်ငန်းလုပ်ကိုင်နေသူများသည် အာဏာပိုင်အဖွဲ့က သတ် မှတ်ပေးသည့် အချိန်ကာလအတွင်းမှတ်ပုံတင်ခြင်း၊ လိုင်စင်ရယူခြင်းတို့ကို ဆောင်ရွက်ရမည်။

၂၆။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ကျန်းမာရေးဝန်ကြီးဌာန သို့မဟုတ် ဤကိစ္စအလို့ငှာ လုပ်ပိုင်ခွင့် လွှဲအပ်ခြင်းခံရသည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏ ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

၂၇။ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ ပြည်တွင်းသို့ တင်သွင်းသည့် သို့မ ဟုတ် ပြည်ပသို့တင်ပို့သည့် ဆေးဝါးကို သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ဖမ်းဆီးရမိလျှင် အာဏာပိုင်အဖွဲ့က သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လွှဲပြောင်းခြင်း၊ စီမံခန့် ခွဲခြင်း ပြုရမည်။

၂၈။ (က) အာဏာပိုင်အဖွဲ့၏ ကုန်ကျစရိတ်များကို ကျန်းမာရေးဝန်ကြီးဌာနက ကျခံရမည်၊

(ခ) အာဏာပိုင်အဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုအပ်သော ဝန်ထမ်းများကို ကျန်းမာရေး ဝန်ကြီးဌာနက စုစည်းသတ်မှတ်ပေးရမည်။

၂၉။ ကျန်းမာရေးဝန်ကြီးဌာနသည် အစားအသောက်နှင့် ဆေးဝါးကိစ္စအဝဝကို ကွပ်ကဲဆောင်ရွက်နိုင်ရန် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဌာနကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၃၀။ ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးဝါးစစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် မိမိလက် အောက်ရှိဝန်ထမ်းများကို ဆေးဝါးစစ်ဆေးရေးမှူးများအဖြစ် တာဝန်ပေးအပ်ရမည်။ ထို့ပြင် အခြား ဝန်ကြီးဌာနများနှင့် ညှိနှိုင်းလျက် သင့်လျော်သည့် ဝန်ထမ်းများကိုလည်း ဆေးဝါးစစ်ဆေးရေးမှူးများ အဖြစ် တာဝန်ပေးအပ်နိုင်သည်။

၃၁။ ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေအရ ထုတ်ပြန်ခဲ့သော အမိန့်၊ ညွှန်ကြားချက်များသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည် ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့တို့သည် လို အပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

<ပြင်ဆင် 01.04.2014>

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်ကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

Myanmar Law Information System (MLIS)